## Burmese Democratic Futures Working Group – BDFWG

## University of Virginia

### Weekly Summary (December 15 - 21, 2024)

### ဒီဇင်ဘာလ တတိယပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် ဒီဇင်ဘာလ တတိယပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၁ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၂ ယောက်နှင့် အမျိုးသမီး ၄ ဦး ပါဝင်ပါသည်။
- ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၈ ဦးစီ သေဆုံးခဲ့ပါသည်။ ပဲခူးတိုင်းနှင့် မကွေးတိုင်းတို့တွင် ၅ ဦးစီ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂ ဦး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၈ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၆ ဦးတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၃ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၂၈၆ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မကွေးတိုင်းတွင် နေအိမ် ၂၄၂ လုံး၊ စစ်ကိုင်းတိုင်းတွင် ၃၉ လုံးနှင့် ရခိုင်ပြည်နယ်တွင် ၅ လုံးတို့ ဖြစ်ကြပါသည်။

## ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၆ ခုတွင် ဒီဇင်ဘာလ တတိယပတ်အတွင်း အရပ်သားပြည်သူ ၂၄၀ ဦး ဖမ်းဆီးခံခဲ့ရသည်။

- စစ်ကိုင်းတိုင်းတွင် ၇၄ ဦး၊ မကွေးတိုင်းတွင် ၆၃ ဦး၊ ရန်ကုန်တိုင်းတွင် ၃၃ ဦး၊ ပဲခူးတိုင်းတွင် ၃၀ ဦး၊ မန္တလေးတိုင်းတွင် ၂၃ ဦး၊ တနင်္သာရီတိုင်းတွင် ၁၀ ဦးနှင့် မွန်ပြည်နယ်တွင် ၇ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၃ ခုတွင် ဒီဇင်ဘာလ တတိယပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ၁၅ ကြိမ်ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၁၁ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၃ ကြိမ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။

# ဒီဇင်ဘာလ တတိယပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ တတိယပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၇၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၂၁ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တွင် ၈ ကြိမ်၊ မကွေးတိုင်းတွင် ၇ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၆ ကြိမ်၊ ချင်းပြည်နယ်တွင် ၅ ကြိမ်၊ တနင်္သာရီတိုင်းတွင် ၄ ကြိမ်၊ ပဲခူးတိုင်းနှင့် ကရင်နီပြည်နယ်တို့တွင် ၃ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၂ ကြိမ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ၁ ကြိမ်စီတို့ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဒီဇင်ဘာလ တတိယပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၉၃ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ၉ ဦး ကျဆုံးခဲ့ပါသည်။

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

**AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့အခြေစိုက် အမှတ် ၅ စစ်ဆင်ရေးကွက်ကဲမှုဌာနချုပ် - စကခ ၅ ကို အာရက္ခတပ်တော် -AA က ဒီဇင်ဘာ ၁၄ ရက်တွင် အပြီးသတ် တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

- ဒီဇင်ဘာ ၂၀ ရက်တွင် အမ်းမြို့အခြေစိုက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို AA က အပြီးသတ်သိမ်းပိုက်ရရှိခဲ့ပြီး ဒုတိုင်းမှူး ဗိုလ်မှူးချုပ် - သောင်းထွန်းနှင့် တိုင်းစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် - ကျော်ကျော်သန်းတို့ကို အရှင်ဖမ်းမိခဲ့သည်။

**KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဒီဇင်ဘာ ၁၅ ရက်၌ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်တွင် KIA က ထိုးစစ်စတင်ပြီး အင်အား ၁၀၀ ခန့် ရှိသော လာဟူဆယ်စခန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

**KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ကရင်ပြည်နယ်၊ မာနယ်ပလောစခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) ဦးစီးတဲ့ ပူးပေါင်းတပ်ဖွဲ့တွေက ဒီဇင်ဘာ ၁၆ ရက်မှာ အပြီးသတ် သိမ်းပိုက်နိုင်ခဲ့ပြီး စစ်သား အလောင်း ၁၀ လောင်း ရှာဖွေတွေ့ရှိခဲ့သည်။

**MDY-PDF ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဒီဇင်ဘာ ၁၉ ရက်တွင် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာ၌ တပ်စွဲထားသော စစ်သားများကို MDY-PDF မှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်သား ၂ ဦး အရှင်ဖမ်းမိပြီး လက်နက် ၅ လက် သိမ်းဆည်းရရှိခဲ့သည်။

**ဒီဇင်ဘာလ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 15-21, December 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | 8 | | | |
| **BAGO** | 3 | | 13 | | | 5 | 30 | | |
| **CHIN** | 5 | | | | | | | | |
| **KACHIN** | 21 | | | | | | | | |
| **KARENNI** | 3 | | 6 | | | | | | |
| **KAYIN** | 1 | | 10 | | | 1 | | | |
| **MAGWAY** | 7 | | 24 | 6 | | 5 | 63 | | 242 |
| **MANDALAY** | 1 | | | | | | 23 | | |
| **MON** | 2 | | 2 | 2 | | 1 | 7 | | |
| **RAKHINE** | 8 | 3 | | | | 1 | | | 5 |
| **SAGAING** | 6 | 11 | 29 | 1 | 2 | 6 | 74 | | 39 |
| **SHAN ( S )** | 18 | 1 | | | | 2 | | | |
| **TANINTHARYI** | 4 | | 9 | | | | 10 | | |
| **YANGON** | | | | | | | 33 | | |
| **TOTAL** | **79** | **15** | **93** | **9** | **2** | **29** | **240** | | **286** |

# Map of Myanmar Conflict ( December 15-21, 2024 )



## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

ဒီဇင်ဘာ ၁၅ ရက်တွင် တရုတ်နိုင်ငံ၊ ကူမင်းမြို့မှာ စစ်ကောင်စီတပ်ဘက်က ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ ကိုးကန့်တပ်မတော် (MNDAA) တို့ ဆွေးနွေးမှုစတင်နေပြီလို့ စစ်ကောင်စီနဲ့ နီးစပ်သူတွေကတဆင့် သိရှိရပါတယ်။

အာရက္ခတပ်တော် (AA) က တာဝန်ရှိသူများနှင့် တရုတ်တာဝန်ရှိသူများသည် တရုတ်နိုင်ငံ၊ ထိန်ချုံးမြို့တွင် ဒီဇင်ဘာ ၁ ရက်နေ့က တွေ့ဆုံခဲ့ကြပြီး ငြိမ်းချမ်းရေး တည်ဆောက်ရေးကိစ္စ၊ တိုက်ပွဲရပ်စဲရေးကိစ္စနှင့် တရုတ် စီမံကိန်းများ လုံခြုံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါတယ်။

လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းကို ကာကွယ်ရေးဝန်ကြီးရာထူးမှ ဖယ်ရှားလိုက်ပြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ)ကို ခန့်အပ်လိုက်ကြောင်း ဒီဇင်ဘာ ၁၈ ရက်တွင် စစ်ကောင်စီက ထုတ်ပြန်လိုက်သည်။

**ကိုးကား - The Irrawaddy, Ayeyarwaddy Times, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, ThanLwin Times, PVTV, RFA, ThanLwin Myanmar, Khonumthung Burmese.**